ကျုံးကျုံးကျကျေးရွာအုပ်စု၊ ကျုံးကျုံးကျကျေးရွာ

ခရမ်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ကျုံးကျုံးကျကျေးရွာ၊ ကျုံးကျုံးကျကျေးရွာအုပ်စု၊ ခရမ်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြဓြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၉
	(ဂ) ငါးလုပ်ငန်း	၉	၉
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၁
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၁၃
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၄	၁၄
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၅	၁၇
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၈	၇၃
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၇၄	၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၅/၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများ အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့**ပါသည်။** ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျုံးကျုံးကျကျေးရွာ၊ကျုံးကျုံးကျကျေးရွာအုပ်စု
ခရမ်းမြို့နယ်

ကျုံးကျုံးကျကျေးရွာ၊ ခရမ်းမြို့နယ်၊ သယံဇာတပြမြေပုံ



ကျုံးကျုံးကျကျေးရွာ၊ ခရမ်းမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု	☀	☀	☁	☁	☁	☁	☁	☀☁	☀☁	☀☁	☀☁	☀
အလုပ်အကိုင်	ကျပန်း											
သဘာဝဘေး			လေဘေး	ရေဘေး	ရေဘေး	ရေဘေး	-	-	-	-	-	-
ပွဲတော်					-	-			-	-	-	
သောက်ရေရှိမှု	မလုံလောက်	မလုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	မလုံလောက်
ဝိုးမွှားကျရောက်မှု	-	-	-							-	-	-
မွေးမြူရေး												
ကျန်းမာရေးအခြေအနေ	ဝမ်းပျက်	ဝမ်း ပျက်	ရာသီတုပ်ကွေး	ရာသီတုပ်ကွေး			ရာသီဖျား	ရာသီဖျား	-	-	-	-
ဝင်ငွေ	▲▲	▲▲	▲▲▲	▲▲	▲▲	▲	▲▲▲ ▲	▲▲▲▲	▲▲	▲▲	▲▲▲	▲▲
ထွက်ငွေ	▲▲	▲▲	▲▲▲▲	▲▲▲	▲▲	▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲ ▲	▲▲▲	▲▲▲

ကျုံးကျုံးကျကျေးရွာ၊ခရမ်းမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ကျုံးကျုံးကျကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်ခရိုင်၊ခရမ်းမြို့နယ်တွင်တည်ရှိပြီး အရှေ့နှင့်အနောက်သွယ်တန်းလျက်ရှိသော ခရမ်း-မောင်းမ ကားလမ်းမကြီးမှ မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် တည်ရှိပြီး ()ဧကခန့်ကျယ်ဝန်း၍ အိမ်ခြေ (၄၈၃)အိမ်နှင့်လူဦးရေ (၁၉၄၃)ဦး နေထိုင်စားသောက်ကြပါသည်။ဗုဒ္ဓဘာသာအားရွာလုံးကျွတ် ကိုးကွယ်ဆည်းကပ်ကာ လယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။နီးဆုံးစျေးကွက်ခရမ်းမြို့စျေး ကွက်ဖြစ်ပြီး ခရမ်းမြို့သို့ဆိုင်ကယ်နောက်တွဲနှင့်မော်တော်ကားများဖြင့် သွားရောက်ရောင်းဝယ်၍ ကုန်းလမ်းမိုင်(၆)မိုင်ခွဲခန့် ကွာဝေးပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ကမာပတောကျေးရွာ၊အနောက်ဘက်တွင် အုတ်ဖိုကျေးရွာ၊ မြောက်ဘက်တွင် ကမာမတ်ကျေးရွာနှင့် တောင်ဘက်တွင် ဘုရားငုတ်တိုကျေးရွာတို့တည်ရှိပြီး မြေပြန့်ဒေသဖြစ်၍မိုးစပါးနှင့် မတ်ပဲ ၊ပဲတီစိမ်းနှင့် ဆီထွက်နေကြာ ၊မြေပဲများစိုက်ပျိုး အောင်မြင်ပြီး ငါးမွေးမြူရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ပြီးအထည်ချုပ်လုပ်ငန်းနှင့် ကုမ္ပဏီလုပ်ငန်းများ လုပ်ကိုင် ရှာဖွေစားသောက်ကြသူအများ အပြားရှိပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ရာသီဥတုမှ မေလ(၁၅)ရက်မှအောက်တိုဘာ၊နိုဝင်ဘာလအထိ မိုးများ၍ စွတ်စိုသော ရာသီဥတုကြောင့် လယ်မြေများတွင် မိုးစပါးအား သက်ငယ်၊သက်လတ်၊သက်ကြီးစပါးမျိုးများစိုက်ပျိုးကြပါသည်။အောက်တိုဘာလ မိုးပြတ်ချိန်တွင် ရိတ်သိမ်းနိုင်ရန် တွက်ချက်စိုက်ပျိုးပါသည်။ မြေဆီမြေနှစ်ကောင်းမွန်သဖြင့် ၁ ဧကလျှင် (၆၀)တင်းပျမ်းမျှထွက်ရှိပါသည်။။မွေးမြူရေး လုပ်ငန်းမှာလည်း မိုးကာလကိုဦးစားပေး၍ ငါးသားပေါက်လုပ်ငန်းကိုတွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပါသည်။ နိုဝင်ဘာလဆန်းမှစတင်၍ ဆောင်းသီးနှံဖြစ်သော မတ်ပဲ၊ပဲတီစိမ်းတို့ကို စိုက်ပျိုးပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပညာရေး၊ကျန်းမာရေး၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကော်မတီအဖွဲ့များအသီးသီးထားရှိပါသည်။ဌင်းအဖွဲ့များတွင် အုပ်ချုပ်ရေးအဖွဲ့နှင့်ကျေးရွာနာယကအဖွဲ့များမှအားပေးကူညီ၍ ကျေးရွာလုံးကျွတ်သိရှိစေခြင်းဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအားအကောင်အထည်ဖော်လုပ်ဆောင်ကြပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း ဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၇%သည် အဆင်ပြေသောအိမ်ထောင်စု၊ ၄၁**%**သည် အလယ်အလတ်အိမ်ထောင်စု၊ ၅၀ %သည် ဆင်းရဲ သောအိမ်ထောင်စုနှင့် ၃%သည် အလွန်ဆင်းရဲသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲ ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့်ရေအရင်းအမြစ် မရှိခြင်းကြောင့် မိုးရာသီကာလတွင်သာ စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင် ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေ အထားသည် စိုက်ပျိုး သီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့် အတင့်ကောင်းသည်ဟု ပြောနိုင်**ပါ**သည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်း များကြောင့် အမြတ် ရရှိမှုနည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စု များအပြင် အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများ တွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြား ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက် လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျုံးကျုံးကျကျေးရွာတွင် ကြက်၊ဝက်၊ဘဲများကို တနိုင်တပိုင်မွေးမြူ လုပ်ကိုင် သည့် အိမ်ထောင်စု(၃၄)စုမှ ကောင်ရေ(၅၆၅၀) မွေးမြူထားကြပါသည်။ ကြက်ကောင်ရေ အများဆုံး မွေးမြူကြပါသည်၊ အခြားသော တိရစ္ဆာန် မွေးမြူရေး အနေဖြင့် ဆိတ်၊ဖားများ မွေးမြူမှု အနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှု မရှိခြင်း၊ ဈေးကွက် လက်လှမ်းမီမှု မရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာ များမရှိခြင်းနှင့် စားကျက်မြေနှင့် တိရစ္ဆာန်အစာများရှားပါးခြင်းတို့ကြောင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစည်ဘောင်ဆက် လုပ်ကိုင် လာခြင်းနှင့် မွေးမြူရေး ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး မရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်း များ အား စီးပွားဖြစ် လုပ်ကိုင်မှု အားနည်းလာသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ကျုံးကျုံးကျကျေးရွာတွင် ရေနှင့် လယ်ယာမြေများနည်းပါးခြင်းကြောင့် ငါးမွေးမြူရေး လုပ်ငန်းများအဆင်ပြေမှုနည်းပါးသည်။ငါးမွေးကန်များရှိသော်လည်း နွေရာသီနေပူဒဏ်ကြောင့် ရေများခမ်းခြောက်မှုကြောင့် ငါးမျိုးစိတ်များဘေးအန္တရာယ်နှင့်ထိခိုက်မှုများကြောင့် အကျိုးဖြစ်ထွန်း မှု နည်းပါးလှသည်။ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော်လည်းအဘက်ဘက်မှ ဈေးနှုန်းများမြင့်ပြီး ထုတ်ကုန်ဖြစ်သောငါးကြီးများ ထုတ်ချိန်တွင် ဈေးအကျနှင့်ကြုံရသူတိုင်း စီးပွားရေးမှာ ထင်သလောက် ရှေ့သို့မရောက်ဘဲ လုံးခြာလည်နေသည်ကိုဖြစ်ပေါ်စေပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ကျုံးကျုံးကျကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များမှအပ အခြားသောလုပ်ငန်းများဆောင်ရွက်ချိန်တွင် စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်ချိန်များတွင် အမျိုးသားများမှာ တစ်နေ့လျှင် လုပ်အားခမှာ **(၂၀၀၀)မှ(၂၅၀၀၀)** ကျပ်အထိ ရရှိကြပါသည်။အမျိုးသမီးများမှာ(၁၅၀၀၀)မှ(၁၈၀၀၀)ထိရရှိပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့်လူငယ်အများစုမှာ အထည်ချုပ်လုပ်ငန်းများကို နေ့ချင်းပြန်သွား၍ ဖယ်ရီကားများဖြင့် သွားရောက်လုပ်ကိုင်ကြ၍ မိသားစုစားဝတ်နေရေး အတွက် လုပ်ကိုင်ကြပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျုံးကျုံးကျကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့စီးပွားရေးဘဏ်မှမိုးရာသီချေးငွေ၊ဆောင်းရာသီချေးငွေကာလတိုချေးငွေများနှင့် ဆီထွက်သီးနှံစိုက်ပျိုးကြသူများသည် မြစိမ်းရောင်ချေးငွေ၊ များရရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကျေးရွာတွင် အလှူရှင်မှဆောက်လုပ်ထားသော ကျေးရွာဘက်စုံသုံးခန်းမ ဆောင်နှင့်ဆေးပေးခန်း၊ စာသင်ကျောင်းဆောင်များ၊ စက်ရေတွင်းများလုပ်ဆောင်ထားသော်လည်း လိုအပ်ချက်များရှိပြီး ကလေးသူငယ်များကျောင်းသို့သွားလာရာ လမ်းများသည်လည်း ကွန်ကရစ်အဆင့်သို့ရောက်အောင် ကူညီမှုများလိုအပ်လျက်ရှိပါသည်။ကျေးရွာ၏လမ်းများမှာမြို့နှင့်ဆက်သွယ်သွားလာရာ လမ်းတွင် ကွန်ကရစ်လမ်းဆောင်ရွက်ထားသော်လည်း အချိန်ကြာမြင့်ပြီဖြစ်သောကြောင့်လမ်းမျက်နှာပြင်များပျက်စီးပြီး အနည်းငယ်ကျဉ်းသဖြင့်သက်ဆိုင်ရာဌာနများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ရန် ကျေးရွာသူ/သားများက လိုလားနေကြပါသည်။ ကျေးရွာ၏မီးလင်းရေးအနေဖြင့် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုး

ရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်း အားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့်ဆောင်ရွက်တတ်ကြပါသည်။

(၆) ပညာရေး

ကျုံးကျုံးကျကျေးရွာတွင် အခြေခံပညာ အထက်တန်း(ခွဲ)ရှိပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြား နေသော မူလတန်းကျောင်းသားဦးရေ(၂၁၀)ဦး၊ အလယ်တန်း(၇၇)ဦးနှင့် အထက်တန်း (၄၁)ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် ကျေးရွာ လူဦးရေ၏ မူလတန်းအဆင့် (၄၂%) ၊ အလယ်တန်းအဆင့်(၄၃%)ဦး၊ အထက်တန်းအဆင့်(၁၂%)ဦး နှင့် တက္ကသိုလ်/ ကောလိပ်ဘွဲ့ရ(၄%)ရှိပြီး စာမတတ်သူမရှိပါ။ ရွာသူရွာသားများအား လုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ခုရှိပြီး ကျန်းမာရေး ကိစ္စများ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။အရေးပေါ်ကိစ္စရပ်များအတွက် ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် ကန်ရေကို သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ် ကြပြီး တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင် ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထား သဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရ လွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများရှိသော်လည်းနာဂစ် မုန်တိုင်းတိုက်ခတ်ပြီးနောက် ဆိုးရွားသောဖြစ်စဉ်များ မရှိတော့ပါ။ ကျေးရွာဖြစ်၍နေအိမ်များကွာဝေးခြင်း ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းမရှိပါ။ ကျေးရွာတွင် စပါး၊ ပဲ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှု များပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာ များ သုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများ ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ကျေးရွာနှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးကိစ္စများ၊ဘာသာရေး၊သာရေး၊နာရေး ကိစ္စများ အားလုံးတွင် ကျားမခွဲခြားမှုမရှိဘဲ တန်းတူညီမျှဆောင်ရွက်ကြပါသည်။ ယနေ့ခေတ်တွင်ကျေးရွာများ၌အမျိုးသမီး အများ စုဦးဆောင်လာသည်ကိုတွေ့မြင်ရပါသည်။ အထက်ခမတ်ကျေးရွာ၏ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်း များတွင် အမျိုးသမီးပါဝင်မှု(၅၀%)ထိရှိပြီး အမျိုးသားများထက် စွမ်းဆောင် ရည် ကောင်းမွန်သော သူများလည်းရှိပါသည်။ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလ တန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူ ပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိ ကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက် ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျုံးကျုံးကျကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉	၂၀၂၉ ၂၀၃၀
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၅၇၅'x၈'x၆")	၁	√				
၂	ရေကန်ခြံစည်းရိုးကာရံခြင်း	၂		√			
၃	စာသင်ကျောင်းဝင်းနားနေဆောင်	၂		√			

	တည်ဆောက်ခြင်း (၃၀' x၃၀')						
၄	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဧရိယာ(၁)လမ်း(၁၇၀၀'x၈'x၆")	၃			√		
၅	စက်ရေတွင်းတူးဖော်ခြင်း(ရွာလယ်ပိုင်း)	၃			√		
၆	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဧရိယာ(၂)လမ်း(၁၇၀၀'x၈'x၆")	၄				√	
၇	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဧရိယာ(၃)လမ်း(၁၇၀၀'x၈'x၆")	၄				√	
၈	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဧရိယာ(၄)လမ်း(၁၇၀၀'x၈'x၆")	၅					√
၉	စက်ရေတွင်းတူးဖော်ခြင်း အရှေ့ပိုင်း	၅					√
၁၀	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဧရိယာ(၅)လမ်း(၁၇၀၀'x၈'x၆")	၅					√

(၁၁) ကျုံးကျုံးကျကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၅၇၅'x၈'x၆")	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ရေကန်ခြံစည်းရိုးကာရံခြင်း	၁၀	၁၀	၁၀	၁၀	၉	၄၉	၂
၃	စာသင်ကျောင်းဝင်းနားနေဆောင် တည်ဆောက်ခြင်း (၃၀' x၃၀')	၉	၁၀	၁၀	၁၀	၁၀	၄၉	၂
၄	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဇောတိက(၁)လမ်း (၁၇၀၀'x၈'x၆")	၁၀	၁၀	၉	၉	၉	၄၇	၃
၅	စက်ရေတွင်းတူးဖော်ခြင်း(ရွာလယ်ပိုင်း)	၉	၉	၁၀	၁၀	၉	၄၇	၃
၆	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဇောတိက(၂)လမ်း (၁၇၀၀'x၈'x၆")	၉	၈	၁၀	၉	၉	၄၅	၄
၇	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဇောတိက(၃)လမ်း (၁၇၀၀'x၈'x၆")	၁၀	၉	၉	၉	၈	၄၅	၄

၈	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဇောတိက(၄)လမ်း (၁၇၀၀'x၈'x၆")	၉	၈	၈	၉	၈	၄၂	၅
၉	စက်ရေတွင်းတူးဖော်ခြင်း အရှေ့ပိုင်း	၈	၈	၉	၈	၉	၄၂	၅
၁၀	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဇောတိက(၅)လမ်း (၁၇၀၀'x၈'x၆")	၈	၉	၈	၉	၈	၄၂	၅

(၁၂) **ကျုံးကျုံးကျ**ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးမြင့်သန်း	ဦးမြအေး	၁၂/တသန(နိုင်)၁၇၇၃၂၁	ဥက္ကဋ္ဌ	
၂	ဦးဟန်မျိုးလွင်	ဦးကျော်ရင်	၁၂/ခရန(နိုင်)၁၀၇၂၁၁	အတွင်းရေးမှူး	
၃	ဦးနေမျိုးဦး	ဦးတင်ဦး	၁၂/ခရန(နိုင်)၀၈၂၅၀၄	ဘဏ္ဍာရေးမှူး	
၄	ဒေါ်ငွေး	ဦးလှရီ	၁၂/ခရန(နိုင်)၀၃၅၄၇၃	စာရင်းကိုင်	
၅	ဦးသန်းဝင်း	ဦးတင်လှိုင်	၁၂/ခရန(နိုင်)၀၃၅၂၀၆	အဖွဲ့ဝင်	
၆	ဦးငွေးဝင်း	ဦးသောင်းညွန့်	၁၂/ခရန(နိုင်)၁၃၁၃၁၁	အဖွဲ့ဝင်	
၇	ဒေါ်ကြည်ကြည်သိန်း	ဦးကျင်ဥ	၁၂/ခရန(နိုင်)၁၅၈၀၈၂	အဖွဲ့ဝင်	
၈	ဒေါ်ဇင်သူမြင့်	ဦးဟန်မြင့်	၁၂/ခရန(နိုင်)၁၂၄၇၀၅	အဖွဲ့ဝင်	
၉	ဒေါ်ရင်ရင်အေး	ဦးဝင်းတင်	၁၂/ခရန(နိုင်)၀၈၂၆၈၆	အဖွဲ့ဝင်	

ကျုံးကျုံးကျကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးဟန်မျိုးလွင်	ဦးကျော်ရင်	၁၂/ခရန(နိုင်)၁၀၇၂၁၁	အတွင်းရေးမှူး	
၂	ဦးနေမျိုးဦး	ဦးတင်ဦး	၁၂/ခရန(နိုင်)၀၈၂၅၀၄	ဘဏ္ဍာရေးမှူး	
၃	ဒေါ်ငွေး	ဦးလှရီ	၁၂/ခရန(နိုင်)၀၃၅၄၇၃	စာရင်းကိုင်	

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ကျုံးကျုံးကျကျေးရွာ
ကျေးရွာအုပ်စု	- ကျုံးကျုံးကျကျေးရွာအုပ်စု
မြို့နယ်	- ခရမ်းမြို့နယ်
တိုင်း/ပြည်နယ်	- ရန်ကုန်တိုင်းဒေသကြီး
စီမံချက်အမည်	- **ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၅၇၅'x၈'xဖ")**

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ရွာတွင်းလမ်းမြေသားလမ်းဖြစ်နေခြင်းကြောင့် ရာသီမရွေးသွားလာရန်အခက်အခဲရှိခြင်း

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

- ကျေးရွာလူထုအနေဖြင့် ရာသီမရွေးသွားလာရလွယ်ကူစေရန်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ အခက်အခဲမရှိ သွားလာနိုင်စေရန်ဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)

- ကျေးရွာသူ/သားများ သွားရေးလာရေးလွယ်ကူစေရန်။
- ကျေးလက်နေပြည်သူများ ပိုမိုဖွံ့ဖြိုးလာစေရန်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)

- ကျေးရွာတွင်းလမ်း(၅၇၅'x၈'xဖ")ကွန်ကရစ်လမ်းခင်းခြင်း

ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၅၀၀၀၀၀၀(ငွေသား) • ၁၀၀၀၀၀၀၀(ငွေသား)	• ကျေးလက်ဦးစီး • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၀၇၈	၈၆၅	၁၉၄၃	၃၀	၂၀၀	၂၄၀	၁၃	၄၈၃
အကျိုးခံစားမည့်ဦးရေ	၁၀၇၈	၈၆၅	၁၉၄၃	၃၀	၂၀၀	၂၄၀	၁၃	၄၈၃
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာဝယ်ယူရေးကော်မတီ
- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ

(၂) စီမံချက်စတင်မည့်အချိန် (ခန့်မှန်း) - ၂၀၂၅ ခုနှစ် အောက်တိုဘာလ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်

- ကျုံးကျုံးကျကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ နာယကအဖြစ်ဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသား များမှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ငွေကြေးထည့်ဝင်၍ ပါဝင်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူထည့်ဝင်ငွေများအနေဖြင့် ဥစ္စာခန အဆင့်သတ်မှတ်ချက် များအလိုက်ကျေးရွာလူထု၏သဘောတူညီမှုဖြင့်ကောက်ခံသွားမည်ဖြစ်ပါ သည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

- ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ မှဦးဆောင်၍ကျေးရွာသူ/သားအားလုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ် အား စာရင်းပြုစု ခြင်း၊ ငွေကြေးရရှိမှုသုံးစွဲမှု အခြေအနေများအားကျေးရွာလုံးကျတ် အစည်းအဝေး ကျင်းပ၍ ရှင်းလင်းခြင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးအနီးကပ် ကြီးကြပ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတိုးတက်မှုနှင့်ဆောင်ရွက်မှု အခြေ အနေများကို အစီရင်ခံ တင်ပြ ခြင်း၊အသုံးစရိတ်ပြေစာများ၊ အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်း ထားရှိ ခြင်းနှင့်သက်ဆိုင်ရာဌာနများ၏ စာရင်း စစ်ဆေးမှုကို ခံယူမည်ဖြစ်ပြီး လုပ်ငန်းအရည်အသွေး ပြည့်မှီရေးအတွက် မြို့နယ်ကျေးလက် ဦးစီးဌာန၏ နည်းပညာအကူအညီများကို ရယူဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၂	၆		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၁	၁၃	၃၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁၃	၉၇	၂၁၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၁	၄၆	၇၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၃၉	၆၄၇	၁၃၈၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၇၀	၆၀	၂၃၀		
စုစုပေါင်း		၁၀၇၈	၈၆၅	၁၉၄၃		
စုစုပေါင်း အိမ်ထောင်စု		၄၈၃				

လေ့လာတွေ့ရှိချက်။ ။ကျုံးကျုံးကျကျေးရွာရှိ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ (၁၃၈၆)ဦးရှိ၍ သက်ကြီးရွယ်အို(၂၃၀)ဦးရှိကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာတွင် သက်ကြီးရွယ်အို များကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်	၂၄	၄၀					မြင့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနှိပ်ပါ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☑ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၀	၄၄		၃၅	၅		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း	၄၃	၆၀		၅၀	၁၀		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်	၆	၁၀		၁၀			မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနှိပ်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၀	၄၀		၄၀			မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၈	၈		၈			မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၅	၃၅		၃၅			မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း	၃	၃			၃		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၁	၁၁		၁၀	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း	၂	၂			၂		မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၁	၆		၂	၄		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁	၂		၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း	၂	၂		၂			မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်	၃	၇		၄	၃		မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနှိပ်ပါ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း	၂၀	၂၆	၂၀				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၇၄	၇၅၆	၁၄				
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	စုစုပေါင်း	၄၈၃	၁၀၅၂					☒

လေ့လာတွေ့ရှိချက်။ ။ ကျုံးကျုံးကျကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်ငါးမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက် ကြပါသည်။ကိုယ်ပိုင်လုပ်ငန်းဖြင့် လယ်ယာလုပ်ငန်းကို (၂၄)ဦးလုပ်ကိုင်၍ အခြားလုပ်ငန်းများအနေဖြင့်ကယ်ရီဆွဲခြင်း နှင့် အရောင်းအဝယ် လုပ်ငန်းအနည်းငယ် လုပ်ကိုင်ကြ ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၂၀၀၀၀	၁၅၀၀၀	၂၀၀၀၀	၁၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	**၁၈၀၀၀**	**၁၅၀၀၀**	**၁၈၀၀၀**	**၁၅၀၀၀**
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	**၁၅၀၀၀**	**၁၅၀၀၀**	**၁၅၀၀၀**	**၁၅၀၀၀**
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	**၂၂၀၀၀**	**၁၇၀၀၀**	**၂၂၀၀၀**	**၁၇၀၀၀**
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	**၃၀၀၀၀**		**၃၀၀၀၀**	-
၈	လက်လီ-လက်ကား	နေ့စား	-		-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ရောင်းဝယ်ရေး					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	၄၀၀၀၀	-	၄၀၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား၏အများဆုံးလုပ်အားခမှာ (၂၀၀၀၀)ဖြစ်ပြီးအနည်းဆုံးလုပ်အားခမှာ(၁၅၀၀၀)ဖြစ်ပြီးအမျိုးသမီးများ၏အများဆုံးလုပ်အားခမှာလည်းတန်းတူရရှိပါသည်။ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်အားခများပိုမိုရရှိကြ ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၈၂၆	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်မျှော)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၂၆	☒		

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေများကို အုပ်စု(၂)စုခွဲ၍ လုပ်ကိုင်ကြပြီးစိုက်ပျိုးရေးမှာ ၂၉၅ ဧကကျော်နှင့်မွေးမြူရေးမှာ ၅၃၁ ဧကကျော်မွေးမြူကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများသည် မြေဆီလွှာအရည်အသွေးအသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐နည်း ☐မရှိ ☑	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ သဘာဝမြေအောက်ရေရရှိရေးအတွက်စက်ရေတွင်းနှင့်ရေကန်များရှိပါသည်။အခြားဓါတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေသာအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၂၀၀	၂၄၀	၁၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများမှာ ၂၅၃ စုဖြစ်ပြီး အလွန်မပြေလည်သောအိမ်ထောင်စုမျာ ၃% ခန့်ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်း အလယ်အလတ်မျှရှိပြီး လုပ်ငန်းကိရိယာရှိပြီး ကျေးရွာဖွံ့ဖြိုးမှုအသင့်အတင့်ရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၂၀	၇	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၂ လုပ်အားခကြိုယူ = ၈
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၃လ အောက်ဝမ်းစာဖူလုံမှုရှိသူ အိမ်ထောင်စု(၂၀)ခန့်သည် အခြားကာလများတွင် ချေးယူခြင်းနှင့်လုပ်အားခကြိုထုတ်ယူခြင်းများဖြင့် ဖြေရှင်းကြကြောင်း လေ့လာ တွေ့ရှိရပါသည်။ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက် ယူရာတွင် အလုပ်အကိုင်အခွင့် အလမ်းကောင်းမွန်သောကျေးရွာဖြစ်သဖြင့် ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများသာရှိကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား **(၈)** ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြန့်စန်းနှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	၁၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	၂၀		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အို မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (**ထိခိုက်မှု**လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (**ထိခိုက်မှု**လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓			✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓			✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓			✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓				✓	
၂၂	တီဘီရောဂါ		✓			✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓				✓	
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓				✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်	✓				✓	

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊မိုးခေါင်ခြင်း၊ငလျင်လှုပ်ခြင်းများ၊မီးဘေး၊မုန်တိုင်းတိုက်ခတ်ခြင်းများ ရံဖန်ရံခါသာရှိပါသည်။တီဘီရောဂါများရှိခဲ့သော်လည်း ဆေးရုံဆေးခန်းများတွင် စနစ်တကျကုသ၍ ပျောက်ကင်းကြပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (**ထိခိုက်မှု**လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများေသာနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ **(IDP)**	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓		✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခရှိယာတွင်ေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးချယ်ရန်)			စွမ်းဆောင်နိုင်မှု (**ထိခိုက်မှု**လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ေးသူများ						
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိလူငယ်များအနေဖြင့် ဆေးစွဲသူများ၊မူးယစ်ရမ်းကားသူများမရှိဘဲ လုပ်ငန်းခွင်တွင်ပင်ပန်းသူများသာရှိပြီးရမ်းကားခြင်းမရှိပါ။အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများကိုလည်းစော်ကားခြင်းမရှိပါ။မိဘများ၏ဆုံးမမှုအောက်တွင်ရှိပြီး ယဉ်ကျေးကြပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးချယ်ရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☑ ဌေကြေး☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	ဂေါပက အဖွဲ့	၁☐၂☐၃☑	၁၀		၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	လူမှုရေးအသင်း	၁☐၂☑၃☐	၃၀		၃၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁☐၂☐၃☑	၅	၄	၉	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၅	**ဝေယျာဝစ္စအသင်း**	၁☑၂☐၃☐		၂၀	၂၀	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	မြစိမ်းရောင်ကော်မတီ	၁☑၂☐၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သာရေး/နာရေးကိစ္စအဝဝကို ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ကော်မတီ အသီးသီးတို့မှ ကဏ္ဍအလိုက်ဦးဆောင်၍ လမ်းညွှန်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်းရှိအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု အတင့်တင့်အားကောင်းပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မဟာစဉ်ဆက်မပြတ်အသေးစားချေးငွေ	၁☐၂☐၃☐၄☐၅☐၆☐၇☑	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ပအဖွဲ့အစည်းများဖြစ်သော ကိုရီးယားကျေးရွာသစ်စီမံကိန်းမှ ဝင်ငွေတိုးပွားရေး ချေးငွေများဝင်ရောက် ထုတ်ချေးပေး လျက်ရှိသဖြင့်ကျေးရွာသည်ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်းလက်လှမ်းမီမှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဧယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၄၃	၁၄	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၅		ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၃၀		တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၅၀		တောင်သူလတ်
၅	၁၂.၅ကေအထက်	၄၅		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၈၃	၁၄	☒

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
ေါင်း				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်ငါးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာဖြစ်ပြီး ၂.၅ ဧကအောက်ဆင်းရဲသားတောင်သူနည်းပါးပြီး မြေယာမဲ့အိမ်ထောင်စုများပါသည်။မြေယာမဲ့အိမ်ထောင်စုများသည် ငါးမွေးမြူရေးလုပ်ငန်းနှင့်ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်ကြပြီးမိသားစုစားဝတ်နေရေးဖြေရှင်းကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ
ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☐		☐
၆	လက်ငင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးလယ်မြေများ**ရှိ**သဖြင့် စိုက်ပျိုးရေး ရေရှိမှုနှင့်ပတ်သက်၍ မိုးသောက်ရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၂၉၅	၁ ဧက	၃၀	၆၀	၄၅	၅	၁၀	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐ နိမ့်☑	မြင့်☑လတ်☐ နိမ့်☐

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပဲ	၂၉၅	၁ ကေ	၈	၂၀	၁၄	၁၁	၃	မြင့်☐လတ် ☑နိမ့်☐	မြင့်☐လတ် ☑ နိမ့်☐	မြင့်☑လတ် ☐ နိမ့်☐
								မြင့်☐လတ် ☐နိမ့်☐	မြင့်☐လတ် ☐ နိမ့်☐	မြင့်☐လတ် ☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ များပြားပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ ပြောင်းလဲမှုရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၁	-	-	၂၃
လက်တွန်းထွန်စက်		-	-	
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၃	-	-	၂၁
ရိတ်သိမ်းစက်	၁	-	-	၂၄
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံး ခေတ်မီစက် ကိရိယာများလည်း မရှိပါ။ လက်တွန်းထွန်စက် ပိုင်ဆိုင်သည့် အိမ်ထောင်စုများထံမှ စိုက်ပျိုးရာသီချိန်တွင် ငှားရမ်းသုံး စွဲကြရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐ သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်။
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်☑ သီးနှံများကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ **မထိခိုက်ပါ** ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

